
mgyoe.com
SAMPLE BOOK

MH SP



# တစ်ဖက်တည်းက

ဆန်းမြထွန်းဝင်း

mgyoe.com

mgyoe.com
SAMPLE BOOK

တကယ်မချစ်ဘဲ

နှလုံးသားချင်း ထပ်ကစားမိတဲ့အခါ

တစ်ယောက်ယောက်ကတော့

သေလုနီးပါး ခံစားရတတ်တယ် ...

ဆန်းမြထွန်းဝင်း



illustrated by mar na

San Mya Tun Win - Same Side
5 201509 148025 >
7000 KS

mgyoe.com

mgyoe.com SAMPLE BOOK

mgyoe.com

mgyoe.com SAMPLE BOOK

မဟာစာပေ

အမှတ် ၁၅၂၊ ဇေယျာသုခလမ်း၊ က-ရပ်ကွက်၊ သုဝဏ္ဏ
သင်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့။

၀၉ ၄၅၀၆၂၃၃၈၃၊ ၀၉ ၄၅၀၆၂၃၃၈၄

sarpaymahar@gmail.com
www.facebook.com/maharsarpaypublishing
www.maharsarpay.com

mgyoe.com

mgyoe.com SAMPLE BOOK

ထုတ်ဝေခြင်း ပထမအကြိမ်
စက်တင်ဘာလ၊ ၂၀၂၅ ခုနှစ်
စောင်ရေ ၁၀၀၀
မျက်နှာဖုံးပန်းချီ မာယာ
ထုတ်ဝေသူ ဒေါ်သိမ့်သူစိုး (၀၁၂၈၅)
ပုံနှိပ်သူ ဦးဝင့်ဗိုလ်ဗိုလ်(နန်းသရင်ပုံနှိပ်တိုက်-၀၀၄၄၁) ၀၉၂၅၀၅၁၃၆၃၆
အမှတ်-၁၃၄-၁၃၆၊ ၃၃-လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့
စာစီ ၊ စာစဉ် ညီမြမာဆက် ၊ မြင့်ဆွေ
စာအုပ်ချုပ် ကိုမဲ (ငွေအိမ်စည်စာအုပ်ချုပ်လုပ်ငန်း) ၀၉၂၆၄၅၆၅၆၅၇
ဖြန့်ချိရေး မဟာစာပေ
အမှတ်-၁၅၂၊ ဗေယျသုခလမ်း၊ က-ရပ်ကွက်၊ သုဝဏ္ဏ၊ သင်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့
ဖုန်း - ၀၉၄၅၀၆၂၃၃၃ ၊ ၀၉၄၅၀၆၂၃၃၄
တန်ဖိုး ၇၀၀၀ ကျပ်

ဆန်းမြထွန်းဝင်း

တစ်ဖက်တည်းက ၊ ဆန်းမြထွန်းဝင်း
ရန်ကုန်၊ မဟာစာပေ ၊ ၂၀၂၅
စာ ၁၂၄ ၊ ၂၀.၅ × ၁၂.၅ စင်တီ
(၁) တစ်ဖက်တည်းက

mgyoe.com

mgyoe.com SAMPLE BOOK

# တစ်ဖက်တည်းက

## ဆန်းမြထွန်းဝင်း

မ ဟာ စာ ပေ ( စာ စဉ် – ၁၄၈ )

mgyoe.com

mgyoe.com SAMPLE BOOK

mgyoe.com

mgyoe.com SAMPLE BOOK

# အမှာစာ

ဒီစာအုပ်ဟာ ကျွန်တော့်ရဲ့ တတိယမြောက်စာအုပ် အသစ် ဖြစ်ပါတယ်။

ကျွန်တော်ရေးနေကျ၊ ကျွန်တော့်ကို သိထားကြတဲ့ အရေးအသားတွေဖြစ်တဲ့ ပထမစာအုပ် **"အလွမ်းနဲ့ လက်တစ်ကမ်းအကွာ"**၊ ဒုတိယစာအုပ် **"မဝေးရက်လေသော"** စာအုပ်များထဲကလို ကဗျာစာစုများနှင့် အက်ဆေးတွေပုံစံလို မဟုတ်ပါဘူး။ လုံးချင်းဝတ္ထုသစ် ဖြစ်ပါတယ်။ လုံးချင်းဝတ္ထုသစ်ဖြစ်တာကြောင့် ကျွန်တော့်ရဲ့စာဖတ်သူအမျိုးများကိုလည်း စီးမျောမှုအသစ်ကို ရစေချင်တယ်။ အတွေးသစ်၊ ရသသစ်တွေကိုလည်း ထိတွေ့ခံစားမိစေချင်ပါတယ်။ သဘောကျ နှစ်သက်ကြမယ်လို့လည်း ထင်ပါတယ်။

စာအုပ်နာမည်ကို **"တစ်ဖက်တည်းက"**လို့ အမည်ပေးထားပါတယ်။ ဒီစာအုပ်သစ်ကိုလည်း ယခင်စာအုပ်များနည်းတူ ချစ်ခင်စွာဖြင့် အားပေးကြမယ့် စာဖတ်သူအမျိုးများအားလုံး ပျော်ရွှင်အေးချမ်းကြပါစေ။

ဆန်းမြတ္ထွန်းဝင်း

mgyoe.com

mgyoe.com SAMPLE BOOK

mgyoe.com

mgyoe.com SAMPLE BOOK

# နိဒါန်း

ဆက်ဆံရေးတစ်ခု ပျက်စီးတော့မည် ဆိုလျှင် အလေးမထားတော့ခြင်းက စတော့တာပါလား ဟု ကျွန်တော် ထင်မိ၏။

အေးချမ်းနေသည့် ပေါင်းစပ်မှုတစ်ခုကို အမိက ဖျက်ဆီးနိုင်သည်မှာ လောကဓံ ဆိုပါလျှင် ချစ်ခြင်းမေတ္တာကို ပြတ်ထွက်သွားအောင် လုပ်နိုင်သည်က ငြီးငွေ့ခြင်းသာ ဖြစ်ပါလိမ့်မည်။

ထို့ကြောင့် ဘဝ ဆိုသည်မှာ ငိုချင်သော်လည်း ရယ်ရတတ်သလို ရယ်ချင်သော်လည်း ငိုရတတ်သည်။ ဖြစ်ချင်တာ မဖြစ်တတ်၊ မဖြစ်ချင်တာ ဖြစ်ရတတ်သော လောက။

ဒီလောကထဲမှာ ကျွန်တော်သည် လူမှန်းသိတတ်စ အရွယ်ကတည်းကနေ ယခုလက်ရှိ အရွယ်အထိတိုင် ကွေကွင်းပျက်စီးရခြင်း၏ လောကဓံအဖုံဖုံကို သူ့အရွယ်နှင့် သူ အမျိုးစုံစွာ ကြုံဆုံခဲ့ရဖူးပါလေသည်။

အစကနေ ပြန်ပြောပါမည်။

**အစ...၊ ငယ်ဘဝ အစ...။**

■

mgyoe.com

mgyoe.com SAMPLE BOOK

mgyoe.com

mgyoe.com SAMPLE BOOK

# အခန်း

# ၁

ညနေစောင်း နေဝင်ရိုးရီအချိန်၌ နွမ်းနွမ်းအိုအို တဲအိမ်ငယ်ကလေး၏ ရှေ့ဘက်ရှိ မန်ကျည်းပင်ရိပ်အောက်တွင် အဘကြီး ဦးမြကျော်၊ အမေကြီး ဒေါ်ငွေစိန်နှင့် ဝမ်းကွဲအမေကြီး ဒေါ်သန်းကြည်တို့ လူကြီးများသည် ရေနွေးကြမ်းသောက်ရင်း၊ လက်ဖက်စားရင်း ဝိုင်းဖွဲ့၍ စကားစမြည် ပြောနေကြသည်။

သူတို့ စကားဝိုင်း၏ ရှေ့လှမ်းလှမ်းရှိ တလင်းပြင်တွင်မူ ကျွန်တော်တို့ မောင်နှမသုံးယောက်သား ငြင်းခုံရင်း အတူ ကစားနေကြသည်။

ကျွန်တော်တို့ ကစားသံမှာ ဆူညံလွန်းပုံ ရ၏။ စကားနည်းပြီး ပြောစရာရှိတာကို တစ်ခွန်းတည်း ပြတ်ပြတ်သာ ပြောလေ့ရှိတတ်သည့် အဘကြီးက–

"ဟိတ်၊ မြေးကလေးတွေ၊ အသံတိုးတိုးနဲ့ ကစားကြ၊ ဒီမှာ လူကြီးတွေ စကားပြောနေတာ မမြင်ကြဘူးလား" ဟု ဆူပြော လှမ်းပြောသည်နှင့် တစ်ပြိုင်နက် ကျွန်တော်တို့ မောင်နှမသုံးယောက်လည်း ဆူညံအော်ဟစ် ကစားနေရာမှ အသံရှိန်ကို လျှော့လိုက်ရသည်။

ကျွန်တော်တို့ မောင်နှမသုံးယောက် ဆော့ကစားနေသံ တိုးလိုက်

mgyoe.com

mgyoe.com SAMPLE BOOK

သည်နှင့် အဘကြီး၊ အမေကြီးတို့ သုံးကိုယ်ကြား ပြောဆိုနေသည့် စကားသံကို ဆော့ကစားနေရင်းကနေ ကျွန်တော် မသိမသာ နားစွင့်ကြည့်လိုက်သည်။ မကြားတကြားဖြင့် ကြားလိုက်ရသည့် စကားသံများထဲတွင် 'ဘယ်နေ့တော့၊ ဘယ်သူတော့ ခရီးကနေ ရွာကို အလည်ပြန်လာမယ်' ဟုသာ ကြားရသည်။ ပြန်လာမည့်သူ ဆိုတာ မည်သူမည်ဝါမှန်း သေချာ မသိရပေ။ ညဘက် အိပ်ချိန် ရောက်တော့မှ ကျွန်တော်က အမေကြီးအား တီးတိုးကပ်မေး ကြည့်ရာ ခရီးမှ ပြန်လာမည့် သူမှာ ကျွန်တော်တို့ မောင်နှမသုံးယောက် လူမှန်းသိတတ်စ အရွယ်ကတည်းက တစ်ရပ်တစ်ကျေး တောင်ပေါ်နယ်စပ် မြို့ကလေးသို့ သွားရောက် အလုပ်လုပ်ကိုင်နေသည့် အဖေနှင့် အမေ နှစ်ဦးအနက်က တစ်ဦးပင်ဖြစ်ကြောင်း သိရလေသည်။ 'အဖေတစ်ယောက်တည်း ရွာကို အလည်ပြန်လာမည်၊ အမေကတော့ ပြန်လိုက်မလာနိုင်ဘူး' ဟု အမေကြီးက ပြောသဖြင့် တိတိကျကျ သိရ၏။

ရွာသို့ အဖေ ပြန်မလာခင် နှစ်ရက်အလို တစ်ညနေမှာတော့ ကျွန်တော်တို့ မောင်နှမတွေထဲက အစ်ကိုအကြီးဆုံးဖြစ်သူ ခန့်ဇော်ဝင်းသည် လူ့ဘဝကြီးထဲကနေ အပြီးတိုင် ထွက်သွားရလေသည်။

ကျွန်တော်က သားအလတ်။ အစ်ကိုကြီး ခန့်ဇော်ဝင်းက ကျွန်တော့်ထက် သုံးနှစ်နီးပါးမျှ ကြီးသည်။ ညီမလေး စုချစ်ဇော်က ကျွန်တော်နှင့် နှစ်နှစ်ကျော်မျှ အသက်ကွာသည်။ ဆုံးသွားသည့် အစ်ကိုကြီးသည် အသက်အားဖြင့် ဆယ့်နှစ်နှစ်အရွယ် ဝန်းကျင်သာ ရှိသေးသည်။

ကျွန်တော်တို့ ရွာကလေးတွင် အစ်ကိုကြီးတို့အရွယ် လူငယ်တွေမှာ ဆိတ်ကျောင်း၊ နွားကျောင်း၊ သိုးကျောင်း ရသည်။ အစ်ကိုကြီးက ကျောင်းပိတ်ရက်တွေမှာ ဆိတ်သားအမိအုပ်လေးကို ထွက်ကျောင်းရသည်။ ရွာ၏ အရှေ့ဘက် ကုန်းမြင့်တွေကြားသို့ အစ်ကိုကြီးသည် ဆိတ်အုပ်ကို မောင်းနှင်ထိန်းလျက် သွားကျောင်းလေ့ ရှိသည်။ အစ်ကိုကြီးသည် သူ့အရွယ်တူ သူငယ်ချင်းများဖြင့် အုပ်စုဖွဲ့၍ ဆိတ်ကျောင်းသလို လေးခွပစ်လည်း ကျွမ်းကျင်သူ ဖြစ်သည်။ ထိုတစ်နေ့တွင်တော့ အစ်ကိုကြီးအဖို့ရာ ကံဆိုးမှုတို့ ရိုက်ခတ်ခဲ့လေပြီ။

***

mgyoe.com

mgyoe.com
SAMPLE BOOK

"ဘကြီး ဦးမြကျော်၊ ဘကြီး ဦးမြကျော်"

ကလေးတစ်ယောက်၏ အလောသုံးဆယ် အော်ခေါ်သံကို အိမ်ရှေ့ဘက်ဆီမှ ကြားရသည်။

"အေး၊ ဘယ်သူလဲ၊ မင်းက ဘယ်သူလေးတုံးကွဲ့"

"ရဲခေါင်ပါ ဘကြီး"

"သြော်၊ အေး၊ ရဲခေါင် ဘာဖြစ်လို့တုံး"

"ဘကြီးမြေးလေ၊ ဘကြီးမြေး"

"ရဲခေါင်၊ ဘာဖြစ်တာလဲ ပြောလေကွယ်"

"ဘကြီးမြေး ခန့်ဇော်ဝင်း ပိုးထိလို့"

"ဟော၊ မင်းတို့နဲ့ တစ်ဖွဲ့တည်း ဆိတ်ကျောင်းသွားကြတာ မဟုတ်လား၊ ဘယ်လိုဖြစ်ရတာတုံး ရဲခေါင်ရယ်"

"ဘကြီးမြေးက ပြောင်းခင်းထဲ သူ့ဆိတ်အုပ် ဝင်လို့ သွားမောင်းတာ၊ ပြောင်းခင်းထဲမှာတင် မြွေအကိုက်ခံရတာ ဘကြီး"

"ဒုက္ခပါပဲ ရဲခေါင်ရယ်၊ ဖြစ်မှဖြစ်ရလေ၊ အခု ဘကြီးမြေးရော ဘယ်တောထဲမှာလဲ ရဲခေါင်"

"အရှေ့ကုန်းမြင့် တောထဲမှာ ဘကြီး"

အဘကြီး ဦးမြကျော်သည် အစ်ကိုကြီး၏ သတင်းဆိုးကို ကြားကြားချင်း အိမ်ဝိုင်းထိပ်မှ အော်ဟစ်ကာ–

"အိမ်ထဲမှာ ဘယ်သူတွေ ရှိကြလဲ၊ မငွေစိန်ရေ၊ နင့်မြေး အကြီးကောင် ပိုးထိလို့တဲ့"

ထိုအချိန်တွင် အိမ်မှာ ကျွန်တော်နှင့် ညီမလေး အပါအဝင် အမေကြီး ဒေါ်ငွေစိန်သာ ရှိနေ၏။ အိမ်ရှိလူတွေ တောထဲဝင် အလုပ်လုပ်သွားချိန်လည်း ဖြစ်သည်။ အမေကြီးနှင့် ကျွန်တော်က အဘကြီး အော်ပြောသံ ကြားသဖြင့် စိုးရိမ်တကြီး အိမ်ရှေ့ဘက်ဆီ ပြေးထွက်လာကြသည်။

ဒီလိုနှင့်ပင် အဘကြီးနှင့် ကျွန်တော်လည်း အစ်ကိုကြီး၏ သူငယ်ချင်း ရဲခေါင်နှင့်အတူ အခင်းဖြစ်ပွားရာ အရှေ့ကုန်း တောထဲသို့ အမြန်လိုက်သွားသည်။ အမေကြီး ဒေါ်ငွေစိန်က အိမ်မှာ နေခဲ့ပြီး ရွာထဲရှိ ဘေးပတ်ဝန်းကျင်ကို အကူအညီ တောင်းရင်း ကျန်ခဲ့၏။

အစ်ကိုကြီးရှိရာ တောထဲသို့ ကျွန်တော်တို့ ရောက်သွားချိန်မှာတော့ အစ်ကိုကြီးတစ်ယောက် အသက် မရှိတော့ပါ။ အစ်ကိုကြီးအနီးတွင်

mgyoe.com

mgyoe.com SAMPLE BOOK

သူ့သူငယ်ချင်း နောက်တစ်ယောက်ကိုသာ တွေ့ရ၏။ ပိုးထိထားသည့် အစ်ကိုကြီး၏ တစ်ကိုယ်လုံးမှာ ပြာဟောက်နေသည်။ သွေးတစ်စက်မျှ မရှိတော့သလိုပါ။ အဘကြီး ဦးမြကျော်နှင့် ကျွန်တော်တို့တစ်တွေမှာတော့ အစ်ကိုကြီး၏ သက်မဲ့အလောင်းကို ကြည့်လျက်သာ ရှိုက်ကြီးတငင် ငိုကြွေးရင်း။

ထို့နောက် အဘကြီးသည် အစ်ကိုကြီးအား ရွာသို့ ပြန်သယ်ဖို့ စီစဉ်သည်။ အဘကြီး ဦးမြကျော်က အစ်ကိုကြီး၏ သူငယ်ချင်းနှစ်ယောက်အား "မင်းတို့က ဆိတ်အုပ်မောင်းပြီး ရွာ ပြန်လာခဲ့။ ဘကြီးက ခန့်ဇော်ဝင်းကို ထမ်းချီပြီး အိမ်ပြန်သယ်ခဲ့မယ်"ဟု ပြောဆိုစီမံ၏။

ကျွန်တော်ကမူ အစ်ကိုကြီး လွယ်နေကျ အပြာရောင်နုနု မသပ်မရပ် ဘေးလွယ်အိတ်လေး၊ အစ်ကိုကြီး ဆောင်းနေကျ ဦးထုပ်အနက်ရောင်လေးနှင့် အစ်ကိုကြီး၏ ဖိနပ်လေးကို ဆို့နင့်သော စိတ်နှလုံးဖြင့် ရင်တွင်ပွေ့ဖက် သယ်ဆောင်လာခဲ့သည်။

အိမ်ဝိုင်းပေါက် ရောက်သည်နှင့် အမေကြီး ဒေါ်ငွေစိန်သည် ရင်ကွဲပက်လက် ဆီးကြိုနေ၏။ အစ်ကိုကြီး၏ အဖြစ်ဆိုးကို မြင်ရသူတို့အဖို့ စိတ်မကောင်းဖြစ်ကာ မျက်ရည်ထိန်းနိုင်ခြင်းငှာ မစွမ်းသာကြ။

အစ်ကိုကြီး ခန့်ဇော်ဝင်း၏ နာရေးအတွက် လိုအပ်သည်များကို ပြင်ဆင်ပြီးနောက် အဝေးရောက်နေသည့် ကျွန်တော်တို့ အဖေနှင့် အမေထံ အဘကြီးက လိုင်းဖုန်းဖြင့် လှမ်း၍ ဆက်သွယ်အကြောင်းကြားသည်။

အဖေနှင့် အမေသည် အစ်ကိုကြီး၏ သတင်းဆိုးကို သိရသောအခါ ရူးမတတ် ဖြစ်ကြရရှာ၏။ ထို့ကြောင့် အမေက အဖေ့ကို ရွာသို့ပြန်ရန် စီစဉ်ထားသည့် ရက်အထိ ထပ်မစောင့်ခိုင်းတော့ဘဲ ချက်ချင်း ပြန်လွှတ်ခဲ့သည်။

အမေကတော့ ဘယ်လိုမှ လိုက်မလာနိုင်သည့် အခြေအနေမို့ အဖေနှင့်အတူ ပြန်လိုက်မလာနိုင်ပါ။ အဖေသည် နောက်တစ်နေ့ မွန်းလွဲပိုင်းတွင် အစ်ကိုကြီး၏ ရုပ်အလောင်း မြေမချမီ နာရီပိုင်းအလို၌ အချိန်မီရုံလေး ပြန်ရောက်လာသည်။

အစ်ကိုကြီး၏ ရုပ်အလောင်းကို မြင်လျှင်မြင်ချင်းပင် အဖေသည် မျက်ရည်တွေကို မထိန်းသိမ်းနိုင်စွာ အစ်ကိုကြီး ခန့်ဇော်ဝင်း၏ သက်မဲ့ခန္ဓာအား ပွေ့ဖက်ကာ နမ်းရှိုက်ငိုလေသတည်း။

mgyoe.com

mgyoe.com SAMPLE BOOK

"ငါ့သားရယ်၊ အသက်ငယ်ငယ်လေးနဲ့ အဖြစ်ဆိုးလိုက်တာ၊ ငါ့သားကြီးကျမှ ဒီလိုအဖြစ်မျိုးနဲ့ ကြုံရရှာတယ်"

အဖေသည် သူ့သားကြီး၏ အဖြစ်ဆိုးအတွက် ရင်ကျိုးမတတ် ခံစားရရှာလေသည်။ ထို့နောက် အစ်ကိုကြီး ခန့်ဇော်ဝင်း၏ ရုပ်အလောင်းကို မြေချရန် ပြင်ဆင်ကာ ရွာဓလေ့အတိုင်း မြှုပ်နှံလေတော့သည်။ အစ်ကိုကြီး၏ အလောင်းကို မြေချပြီးသည့်တိုင် နောင်တများစွာဖြင့် ယူကျုံးမရရှာသော အဖေ၏ မျက်ဝန်းအစုံတွင် မျက်ရည်တို့ကား အတားအဆီးမဲ့လေ၏။

***

အစ်ကိုကြီး ခန့်ဇော်ဝင်း၏ နာရေးကိစ္စအဝဝ ပြီးဆုံးသွားပြီးသော်လည်း အဖေသည် တောင်ပေါ်နယ်စပ်မြို့သို့ ချက်ချင်း မပြန်သေးပါ။

တစ်နေ့၊ အဖေနှင့် ကျွန်တော်တို့ မောင်နှမနှစ်ယောက် မနက်စာ ထမင်းကြမ်းကြော် အတူစားနေကြသော တစ်နံနက်ခင်း။

ထမင်းစားပွဲဝိုင်းလေးမှာ သားအဖတစ်တွေ မနက်စာ အတူထိုင်စားရင်း လွန်ခဲ့သော တစ်လခန့်က ဆုံးပါးသွားခဲ့သည့် အစ်ကိုကြီး ခန့်ဇော်ဝင်းကို အားလုံး သတိတရ ရှိနေမိကြ၏။ ဟင်းကလည်း တိုက်တိုက်ဆိုင်ဆိုင်ပါပဲ။ အစ်ကိုကြီး သိပ်ကြိုက်သည့် ချဉ်ပေါင်ကြော်နှင့် ငါးပိထောင်း။

ထမင်းဝိုင်းကလေးတွင် အစ်ကိုကြီး၏ အငွေ့အသက်တို့ ထင်ကျန်ရစ်နေသယောင်။ လွမ်းဆွတ်ဖွယ်ရာပါလေ။

မနက်စာ စားပြီးလျှင် ကျွန်တော်နှင့် ညီမလေးသည် ကျောင်းသွားရမည်။ ကျောင်းဖွင့်ရက် ရောက်ပြီ။ ညီမလေးကတော့ ရွာကျောင်းတွင်သာ တက်ရသည့်အတွက် ကျောင်းသို့ တကူးတက လိုက်ပို့ရန် မလိုပေ။

ကျွန်တော်ကမူ ရွာ၏ တောင်ဘက်ရှိ မြို့မကျ၊ တောမကျ စည်ကားသော ရွာကြီးရှိ အလယ်တန်းကျောင်းခွဲသို့ နေ့စဉ် လမ်းလျှောက်သွားရသည်။ တချို့ရက်တွေမှသာ စက်ဘီးဖြင့် သွားသည်။ ကျွန်တော့် စက်ဘီးကလေးမှာ အဟောင်းမို့ မကြာခဏ ဆိုသလို ချိန်းကျ၊ ဘီးပေါက်၊ ပျက်တတ်သည့်အတွက် လမ်းလျှောက်သွားရသည့် ရက်က ပိုများသည်။

ကျောင်းသွားရာ လမ်းတစ်လျှောက်တွင် ရေချောင်းတစ်ခုကို ဖြတ်သွားရပြီး တောလမ်းကလည်း အသွယ်သွယ်နှင့် ချောက်ကမ်းပါးများကိုလည်း

mgyoe.com SAMPLE BOOK
ဖြတ်ကျော်၍ သွားရ၏။ ကျောင်းနေဖက် အတန်းဖော်များနှင့် အတူတကွ အသွား၊ အပြန် လုပ်ရသဖြင့် ကျောင်းသွား၊ ကျောင်းပြန် ခရီးမှာ ပျော်စရာ လည်း အလွန်ကောင်းသည်။

နေ့ခင်း ထမင်းစားနားသည့် ကျောင်းဆင်းချိန်တွင် ကျွန်တော်တို့ သူငယ်ချင်းတစ်စုသည် ထိုကျောင်းဝင်းကလေးအတွင်းရှိ မယ်ဇလီပင်ရိပ် အောက်တွင် ထမင်းဘူး၊ ထမင်းချိုင့်တွေ ဖွင့်လျက် အတူ စုစားလေ့ ရှိသည်။

သူငယ်ချင်းများနှင့်အတူ လက်ဆုံ စားရသည်မို့ ဟင်း မကောင်း သည်၊ ကောင်းသည် မသိ၊ ဆန် ကောင်းသည်၊ မကောင်းသည် မသိ အလွန် စားမြိန်လှသည်။

အဖေ မြို့ပြန်သွားဖို့ ရက်တို့သည် တရွေ့ရွေ့ဖြင့် နီးကပ်လာပြီ။ တစ်ရက်တော့ အဖေသည် ကျွန်တော် ကျောင်းဆင်းချိန်မှာ ကျောင်း၏ အပေါက်ဝတွင် ကြိုရောက်လျက် ရပ်စောင့်နေသည်။ ကျွန်တော် ကျောင်း တံခါးဝမှ အထွက်မှာ အဖေ့ကို တွေ့ရသဖြင့် အံ့အားသင့်သွားမိသည်။

"ဟာ၊ သားကို လာကြိုတာလား အဖေ" ဟု အဖေ့ကို ကျွန်တော် အံ့ဩဝမ်းသာစွာ မေးလိုက်သည်။

"ဟုတ်တယ်၊ ဈေးက ပြန်လာရင်း ကျောင်းဆင်းချိန်နဲ့ တိုက်ဆိုင် လို့ ငါ့သားကို ဝင်ကြိုတာ" ဟု အဖေက ပြန်ဖြေသည်။ ကျွန်တော်တို့ သားအဖနှစ်ယောက်သား ရွာသို့ အတူလျှောက်ကာ ပြန်လာရင်း လမ်းမှာ စကားတချို့ ပြောဖြစ်သည်။

ရွာအဝင်နားအရောက်မှာ အဖေက "အဖေနဲ့အတူ သားတို့မောင်နှမ တစ်ခါတည်း မြို့ကို လိုက်ခဲ့မလား" ဟု မေးသည်။ ကျွန်တော် သိပ်ပြီးတော့ ပျော်သွား၏။

"အဖေနဲ့ လိုက်လို့ရရင် သား လိုက်မယ်၊ ညီမလေးလည်း လိုက် မှာပါ" ဟု ကျွန်တော်က တက်ကြွစွာ ဖြေလိုက်၏။

အဖေက "သားတို့မောင်နှမ လိုက်ချင်တယ် ဆိုရင် လိုက်ရမှာပေါ့၊ အဖေ ရအောင် ခေါ်မယ်" ဟု ကတိပေးသည်။ ကျွန်တော့်မျက်နှာ ပြုံးရွှင် နေသည်ကို အဖေ သတိပြုမိပေလိမ့်မည်။

ထိုနေ့ညပိုင်းတွင် အဘကြီးနှင့် အမေကြီးအား အဖေက ခွင့်တောင်း လေသည်။

mgyoe.com

mgyoe.com
SAMPLE BOOK

"ကျွန်တော် သူတို့ မောင်နှမကို ခေါ်သွားမယ်၊ ခေါ်သွားခွင့် ပြုပါ"

အဘကြီးနှင့် အမေကြီးမှာမူ မျက်နှာ မကောင်း။ သို့သော် "ကလေးတွေ လိုက်ချင်တယ် ဆိုရင် ခေါ်သွားပေါ့၊ မိဘရင်းနဲ့ သားသမီးရင်း တွေပဲ" ဟု အဘကြီးက ပြန်ပြောသည်။

ထိုညတွင် ကျွန်တော်တို့ မောင်နှမသည် အဖေနှင့်အတူ လိုက်ရ တော့မည်မို့ အတိုင်းထက်အလွန် ပျော်ရွှင်ရသည့် ညတစ်ည ဖြစ်သည်။

အဘကြီး၊ အမေကြီးနှင့် ဦးလေး၊ ဒေါ်လေးများအတွက်ကတော့ ကျွန်တော်တို့ မောင်နှမ သူတို့နှင့် အဝေးကို သွားတော့မှာမို့ ထပ်မံ ဝမ်းနည်း ရသည့် ညသာ ဖြစ်လေသည်။

အဘကြီးနှင့် အမေကြီးသည် ကျွန်တော်တို့ မောင်နှမ၏ ဘဝ ရှေ့ရေး တိုးတက်ရန်အလို့ငှာ အဖေနှင့်အတူ လိုက်သွားစေလိုသည့် ဆန္ဒ တစ်ခုတည်းဖြင့်ပင် ထည့်ပေးလိုက်ပုံ ရသည်။ ကျွန်တော်တို့ကို အဖေ ခေါ်သွားဖို့အတွက် ထိုတစ်ချက်တည်းကိုသာ ကြည့်၍ ခေါ်သွားခွင့်ပြုလိုက် သည်ဟု ထိုည အိပ်မပျော်သေးမီကပင် ကျွန်တော် စဉ်းစားမိခဲ့သေးသည်။

■

mgyoe.com

mgyoe.com SAMPLE BOOK

# အခန်း

# ၂

ဒီနေ့၊ အဖေနှင့် လိုက်သွားရတော့မည့် နေ့၊ ဇာတိမြေ မွေးရပ်ရွာကလေးကို အပြီးတိုင် ခွဲခွာ နှုတ်ဆက်ရမည့် နေ့။

ရွာရှိ နှစ်ဖက်သော အဘကြီး၊ အမေကြီးနှင့် ဦးလေး၊ ဒေါ်လေး၊ ဆွေမျိုးများကို စုံစေအောင် ရှိခိုးကန်တော့ပြီးနောက် နှုတ်ဆက်စကား ပြောကာ ပွဲ့ဖက်ငိုပြီးသောအခါ အမေရှိရာ နယ်စပ်မြို့ကလေးဆီသို့ အဖေနှင့် ကျွန်တော်တို့ မောင်နှမ ကားလမ်းခရီးဖြင့် သွားကြရပါမည်။

လိုင်းကားတောင် ကောင်းကောင်း မစီးဖူးသည့် ကျွန်တော်တို့ မောင်နှမသည် ကားစီးရမှာမို့ ပျော်နေကြ၏။ ခရီးရှည်မို့ နှစ်ညအိပ်၊ သုံးရက်လောက် ကြာသည်အထိ ကားကို မှန်းအောင် စီးရသည်။ ကျွန်တော်က အလွန် ကားမူးတတ်သော်လည်း ညီမလေးမှာ သက်သောင့်သက်သာပင် ဖြစ်သည်။

ကားပေါ်တွင် သုံးယောက်ထိုင်ခုံတန်းလေးဖြင့် လိုက်ပါ စီးလာရသည်။ အဖေက အစွန်မှာ ထိုင်ပြီး ညီမလေးမှာ အလယ်ခုံတွင် ထိုင်သည်။ ကျွန်တော်သည် လမ်းခရီးတစ်လျှောက် ကားမူး၍ ဘာမျှ စားမဝင်နိုင်လောက်သည်အထိ ဖြစ်ကာ ရေလေးသာ အားစွတ်ရုံသောက်၍ အိပ်လျက်

mgyoe.com

mgyoe.com SAMPLE BOOK

လိုက်ခဲ့ရပေသည်။ အမေရှိရာ နယ်စပ်မြို့ကလေးဆီ ရောက်ခါနီးတော့မှသာ ကျွန်တော် ခေါင်းနည်းနည်း ထောင်နိုင်လာ၏။

တောင်ပေါ်နယ်စပ်မြို့ကလေးသည် တိတ်ဆိတ် အေးချမ်းလျက် ရှိသလို သာယာလှပ၍ နေချင့်စဖွယ်ပင်။ မြို့အဝင်တွင် ကျွန်တော်သည် ကားမှူးဝေဒနာ ပျောက်ကင်းသက်သာသလို ခံစားရသည်။

နှစ်များစွာ ဝေးကွာနေရသည့် အမေ့ကို ပြန်တွေ့ရမည့် စိတ်တစ်ခုတည်းကြောင့် ပျော်ရွှင်နေမိသဖြင့် ဝေဒနာကို မေ့လျော့သွားသည် ထင်၏။ အမေ နေထိုင်ရာ အိမ်လိုင်းခန်း တန်းလျားရှေ့တွင် မုန့်ဆိုင်လေးတစ်ဆိုင်ကို တွေ့ရသည်။ ထိုမုန့်ဆိုင်ကလေးမှာ အမေ့ဆိုင် ဖြစ်သည်။ အမေ့အိမ်ဆိုင်လေးမှာ ကျွန်တော်တို့ ရွာရှိ ဈေးဆိုင်ထက်ပင် ပိုကြီးကာ မုန့်များလည်း ပိုစုံသည်ကို ကျွန်တော် ကားပေါ်မှ ဆင်းဆင်းချင်း သတိပြုလိုက်မိပေသည်။

အမေက ကားအနားသို့ ရောက်လာကာ ကျွန်တော်တို့ မောင်နှမကို လာကြိုသည်။ အမေ့ ပုံပန်းသဏ္ဌာန်သည် မျက်ခုံး မျက်လုံး ကောင်းကောင်း၊ အသားအရေက ညိုဖျော့ဖျော့ရှိပြီး အမူအရာအရလည်း စကားသွက်လက်ကာ ချောမောသည်ဟု ဆိုနိုင်သော အမျိုးသမီးတစ်ဦး ဖြစ်၏။ အမေ့ကို မျက်နှာချင်းဆိုင် တွေ့ရသည်နှင့် ကျွန်တော်တို့ မောင်နှမလည်း ဝမ်းသာဝမ်းနည်းဖြင့် အားပါးတရ အပြေးဖက်လိုက်သည်။ အမေသည် ကျွန်တော်တို့ မောင်နှမ၏ ပါးတစ်ဖက်စီကို အနမ်းပွင့်လေး ပေး၍ ကြိုဆိုသည်။ ကျွန်တော်တို့ မောင်နှမသည်လည်း ဝမ်းသာမျက်ရည်များ အလိုလို စီးကျလာရပါတကား။

အမေ့အိမ်ရှိ အခန်းငယ်လေးထဲသို့ အဝင်နေ့ရက်များမှာ ကျွန်တော့်အတွက် လုံးဝကို မေ့မရနိုင်သော အမှတ်တရ ရက်စွဲပင် ဖြစ်သည်။

***

မြို့ကလေးသည် နယ်စပ်မြို့ငယ်လေးသာ ဖြစ်သော်လည်း တိတ်ဆိတ်အေးချမ်းလှပါ၏။ ယခုမှ စရောက်ဖူးသည့် ကျွန်တော်တို့အဖို့ မြင်မြင်သမျှ အရာရာမှာ အထူးအဆန်း။ ရောက်ခါစညလည်း ဖြစ်သလို ကျွန်တော့် ဘဝတစ်သက်တာမှာ ဘယ်လိုမှ အိပ်လို့လည်း မရနိုင်ခဲ့သည့် ပထမဆုံး ညလည်း ဖြစ်သည်။

mgyoe.com

mgyoe.com SAMPLE BOOK 

နောက်တစ်ရက်တွင် ကျောင်းတစ်ဝက်တစ်ပိုင်းဖြင့် ရောက်လာကြရသည့် ကျွန်တော်တို့ မောင်နှမကို ကျောင်းဆက်ထားနိုင်ရေးအတွက် အဖေနှင့် အမေတို့ တိုင်ပင်၏။ မြို့ထဲရှိ ကျောင်းတစ်ကျောင်းတွင် ကျွန်တော်တို့ မောင်နှမအား ကျန်သည့် ကျောင်းတက်ရက်များ ကုန်ဆုံးအောင် ဆက်တက်ခွင့်ရဖို့အရေး အဖေနှင့် အမေတို့က ကြိုးစားပေးပြီး ကျောင်းအပ်ပေးခဲ့သည်။

ထို့ကြောင့်ပင် ကျွန်တော်တို့ မောင်နှမသည် မြို့ကျောင်း၌ ဆက်၍တက်ခွင့်ရခဲ့၏။ မြို့ကျောင်းဖြစ်သည့်အတွက် ရွာက ကျောင်းလိုမျိုးတော့မဟုတ်ပေ။ အရာရာ တိုးတက်သာလွန်သည်။ တိုးတက်သာလွန်သော မြို့ကျောင်း၏ ပညာရေးစနစ်ထဲမှာ အများကျောင်းသားများနည်းတူ စာလိုက်နိုင်အောင် ရွာမှာထက် အဆများစွာ ပိုကြိုးစားရသည်။ ကြိုးစားမှရမည် ဟူသည့် စိတ်အသိတစ်ခုကိုလည်း ကျွန်တော့်ရင်ထဲ၌ စက္ကန့်တိုင်းမပြတ် ထည့်နှံထားရှိကာ ကြိုးစားသည်ထက် ပိုကြိုးစားခဲ့သည်။ ဒီလိုနှင့် ကျွန်တော်တို့ မောင်နှမ နှစ်ယောက်စလုံးသည် တက်ညီလက်ညီ ကြိုးစားကာ ကျောင်းနေပျော်လာရ၏။

***

နယ်စပ်မြို့လေးမှာ ငါးနှစ်နီးပါး ကာလတာမျှ ဖြတ်သန်းကျင်လည်ပြီးနောက်တွင်မူ ကျွန်တော်သည် အရာကိစ္စ အတော်များများ၌ သိမြင်နံ့စပ်လာသလို နေရာတကာ သိလိုစိတ်ကလည်း များလာသည်။ သိလိုစိတ်များလွန်းသဖြင့် အမေနှင့် အဖေသည်ပင် ကျွန်တော့်ကို အတန်တန် ဆူငေါက်ရသည်။

ကျွန်တော်တို့ အိမ်ဆိုင်သည် ကား၊ ဆိုင်ကယ် အသွားအလာများသည့် လမ်းနံဘေးတွင် ဖွင့်ထားသည်မို့ ညနေ ကျောင်းဆင်းပြီး အိမ်ပြန်ရောက်သည်နှင့် ကျောင်းဝတ်စုံ လဲကာ ဈေးဆိုင်လေးရှေ့တွင် ထွက်ထိုင်၍ လမ်းသွားလမ်းလာ ကားများ၊ ဆိုင်ကယ်များကို သေချာမှတ်သားစူးစမ်းလေ့ ရှိ၏။

သိလိုစိတ်၊ စူးစမ်းလိုစိတ်၊ လေ့လာလိုစိတ်များသည် ကျွန်တော့်ဗီဇတစ်ခုပင် ဖြစ်လိမ့်မည်။ ဘယ်လောက်ပြင်ပြင် ပြင်မရသည့် ဗီဇ။ ထိုဗီဇ

mgyoe.com

mgyoe.com SAMPLE BOOK

ကြောင့် တခြား မည်သူတစ်ဦးတစ်ယောက်ကို ဖြစ်စေ၊ ပတ်ဝန်းကျင်က လူတွေကို မထိခိုက်စေခြင်းဖြင့် ဖြစ်စေ ကျွန်တော် ဖြတ်သန်း ကျင်လည်ခဲ့၏။ အဖေနှင့် အမေကလည်း "ကိုယ့်ကြောင့် မည်သူတစ်ဦးတစ်ယောက်ကိုမျှ မထိခိုက်စေတဲ့ နည်းလမ်းဖြင့်သာ အရာရာကို လေ့လာ စူးစမ်းပါ" ဟု ကျွန်တော့်အား အမြဲလိုလို ပြောဆို ဆုံးမလေ့ ရှိသည်။

မကြာမီ ကျွန်တော် ကိုးတန်း တက်ရတော့မည်။ ရှစ်တန်း စာမေးပွဲကြီး ဖြေအပြီးမှာတော့ မိဘများက ကျွန်တော့်အား စက်ဘီး အသစ်တစ်စီး ဝယ်ပေးသည်။ စက်ဘီးမှာ ပြိုင်ဘီးပုံစံမျိုးလေး ဖြစ်သည်။ ကျောင်းသုံးလ ပိတ်သည့် နွေရာသီတွင် ကျွန်တော် စက်ဘီး စီးတတ်စေရန် အဖေက စတင် သင်ပေးသည်။

အဖေနှင့် အမေသည် ကျွန်တော်တို့ မောင်နှမ အတန်းကြီးလာသည်နှင့်အမျှ ပုံမှန်ထက်ပို၍ အလုပ်ကို ရုန်းကန်ရသလို၊ သူတို့၏ အသုံးအဆောင်အတွက် လိုအပ်သည်များကိုပင်လျှင် လျှော့ချပြီး သုံးစွဲရသည်ကို ကျွန်တော် သိသည်။

အမေသည် အခြားအမျိုးသမီးများနည်းတူ မိတ်ကပ်၊ နှုတ်ခမ်းနီ အကောင်းစားများကို ယခင်ကလို ဝယ်မသုံးတော့ပေ။ ထမင်းစားတိုင်းမှာလည်း ဟင်းကောင်း နှစ်မျိုးလောက်ပါမှ စိတ်တိုင်းကျတတ်သည့် အဖေသည်လည်း ထမင်းအနပ်တိုင်းမှာ အသားဟင်းကောင်း တစ်မျိုးတောင် မလုံမလောက်မျှပင် မစားတော့ပေ။

အဖေနှင့် အမေသည် ကျွန်တော် ကိုးတန်းအောင်ပြီးနောက် နောင်နှစ် ဆယ်တန်းတက်ရမည့် ကျွန်တော့်အတွက် ရည်မှန်းကာ သူတို့ ကြိုက်တတ်သည့် အရာကိစ္စလေးတွေ၊ သုံးရမည့် ပစ္စည်းလေးတွေကိုပင် မသုံးပါဘဲ ရသမျှ ငွေအားလုံးကို စုဆောင်းကာ ဆယ်တန်းကျောင်းသား ကျွန်တော့်အား ကျောင်းနှင့် ဘော်ဒါ တွဲလျက် ထားပေးခဲ့၏။

အဖေနှင့် အမေ ပြောနေကျ စကားတစ်ခွန်း ရှိသည်။

"ဥစ္စာအမွေ မပေးနိုင်လို့ ပညာအမွေ ရအောင် ပေးမယ်၊ ပညာတတ်ကြီးတွေ ဖြစ်ဖို့က ငါ့သားနဲ့ ငါ့သမီးတို့ရဲ့ ကြိုးစားအားထုတ်မှုအပေါ် မူတည်တယ်"

ကျွန်တော်တို့ မောင်နှမအား ထိုသို့ အမြဲတစေ ပြောလေ့ရှိသည်။ အဖေနှင့် အမေ ပြောနေကျ ထိုစကားတစ်ခွန်းကို တလေးတနက် နှလုံးသွင်း

mgyoe.com

mgyoe.com SAMPLE BOOK

ထဲထည့်ကာ ကျွန်တော်တို့ မောင်နှမသည် ပညာရေးတွင် စိတ်အား၊ ဉာဏ်အား၊ ကိုယ်အား အလုံးစုံသုံး၍ ပိုကြိုးစားလေတော့သတည်း။

■

mgyoe.com

mgyoe.com SAMPLE BOOK

# အခန်း

# ၃

မိုးတွေ ရွာနေသော စနေနေ့။ ညကတည်းက မိုးသည် ဖြိုင်ဖြိုင် ရွာနေခဲ့၏။ မနက်အထိပင် မတိတ်၊ မစဲဘဲ ရွာစွေနေခဲ့ပေသည်။

ပုံမှန်အတိုင်း နံနက်မိုးသောက်ချိန် ခြောက်နာရီလောက်ဆိုလျှင် အိမ်ရှိမိသားစုဝင်တွေ အားလုံး အိပ်ရာမှ နိုးနေကျ။ အိမ်ရှေ့က ဈေးဆိုင် သေးသေးလေးကို ဖွင့်ဖို့ရာ အဖေနှင့် ကျွန်တော်သည် ဆိုင်ခင်းကြ၏။ ဆယ်တန်းကျောင်းသား ကျွန်တော် ဘော်ဒါဆောင်ကနေ အိမ်ပြန်ရောက်နေသော ကျောင်းပိတ်ရက်ပေါ့။

အဖေနှင့် ကျွန်တော်သည် ရယ်စရာ ဟာသလေးတွေ ပြောရင်း၊ အပြန်အလှန် စနောက်ရင်း အိမ်ဆိုင်လေးကို ခင်းပြီး နောက်မှာ မိုးက ခေတ္တမျှ တိတ်သွား၏။ မိသားစုအတွက် အမေ ပြင်ဆင်ထားသည့် မနက်စာ ကို အတူစားကြရန် အားလုံး ဝိုင်းဖွဲ့ထိုင်ကာ စကားစမြည် ပြောရင်း ပျော်ရွှင်စရာ မနက်ခင်းကို အစပျိုးခဲ့ကြသည်။

မနက်စာ စားပြီးချိန်မှာ မိုးလည်း တိတ်သွားပြီမို့ အဖေက အလုပ် သွားဖို့ ပြင်ဆင်ပြီး ထွက်ခွာသွား၏။ အိမ်မှာကျန်ခဲ့သော ကျွန်တော်တို့လည်း အိမ်အလုပ်တွေ ကူညီလုပ်ကိုင်နေချိန်မှာ မိုးက တစ်ဖန် ပြန်ရွာစွေလာပြန်

mgyoe.com

mgyoe.com SAMPLE BOOK

သည်။

မိုးရွာစွေနေတော့ အလုပ် ဆင်းမရသည်မို့ အဖေသည် မနက်ခင်း တစ်ပိုင်းမှာပင် အိမ်သို့ ပြန်လာသည်။ အိမ်ရောက်ချိန်မှာ အဖေ့တစ်ကိုယ်လုံး မိုးတွေ စိုရွှဲနေ၏။ ချမ်းလည်း ချမ်းနေပုံ ရလေသည်။

မိုးရေစိုနေသည့် အဖေ့ကို အဝတ်လဲဖို့ ကျွန်တော်တို့ မောင်နှမ သည် တဘက်ယူပေးသူက ယူပေး၊ ပုဆိုးယူတဲ့သူက ယူပေး၊ အင်္ကျီ ထုတ်ပေးသူက ထုတ်ပေး။

အဖေက နည်းနည်းလေး ပေလာသည်။ ရှိတာဖြင့် အဆင်ပြေ အောင် နေသည်။ ရှိတာကို ဝတ်သည်။ ချက်ထားသည့် ဟင်းဖြင့်ပင် မညည်းမညူ စားတတ်သည်။ ကြေးမများ။ တစ်နည်းပြောရလျှင် တင်းတိမ် ရောင့်ရဲနိုင်သူပါတကား။

မိသားစုအတွက် ဆိုပြီး ဆောက်လုပ်ရေး လုပ်ငန်းခွင်ထဲကို ခြေစုံ ပစ်ဝင်၍ လုပ်ကိုင်ခဲ့သူ။ ဆိုရလျှင် အဖေက ပန်းရန်ဆရာပေါ့။

အဲဒီတုန်းက နယ်စပ်မြို့လေးမှာ ပန်းရန်ဆရာတစ်ဦး၏ တစ်ရက် လုပ်အားခသည် မိသားစုဝင် လေးဦးလောက်ကို ကောင်းကောင်း ကျွေးမွေး နိုင်ပေသည်။ အဖေက ကျွန်တော်တို့ မိသားစုအတွက် အိမ်ထောင်ဦးစီး၊ အဓိက ငွေရှာပေးသူ။

အမေကလည်း အိမ်မှုကိစ္စတွေကို ကောင်းစွာ ထိန်းသိမ်းစီမံနိုင်၏။ အမေ ရောင်းသည့် အိမ်ဆိုင်လေးကလည်း စားဖို့လောက်တော့ အမြတ် နည်းနည်းပါးပါး ရပါသည်။

တခြားမိဘတွေလိုပါပဲ၊ အဖေနှင့် အမေက ကျွန်တော်တို့ မောင်နှမ အပေါ် ရည်မှန်းချက်ကြီးကြီး ထားသည်။ ဘယ်လောက် ပင်ပန်းပါစေ၊ တစ်ချက်လေးမှပင် မျက်နှာ မပျက်။

***

ဒီလိုနှင့် အဖေ နေပြန်ကောင်းပြီးသည့် တစ်ညသားမှာ မိသားစုတွေ ညစာစားရင်း ကျွန်တော်က လူငယ်သဘာဝအတိုင်း လိုချင်ရာကို အဖေနှင့် အမေ့အား ပူဆာမိသည်။

"သား ဆိုင်ကယ်နဲ့ ကျောင်းတက်ချင်တယ်၊ ဝယ်ပေးပါလား"

mgyoe.com

mgyoe.com SAMPLE BOOK

ဟု ပြောတော့ အမေက အမေတို့၏ ဗီဇအတိုင်း ညည်းညူသည်။ အဖေကတော့ တစ်ချက်မျှ တိတ်ဆိတ်သွား၏။ ပြီးတော့မှ "ငါ့သားက ဘာဆိုင်ကယ် လိုချင်တာလဲ" ဟု မေးသည်။

ကျွန်တော်လည်း Dream ပုံပြောင်း 2010 ဆိုပြီး အသစ်စက်စက်ကို တောင်းသည်။ ကျောင်းမှာ Dream ပုံပြောင်း 2010 မော်ဒယ်အမြင့်ဆိုင်ကယ်စီးနိုင်သည့် ကျောင်းသားတွေကလည်း လူချမ်းသာ သားသမီးတွေသာ။

မိဘလက်ထဲ ငွေရှိလား၊ မရှိလား မသိ၊ ဘာကိုမျှ မစဉ်းစားဘဲ ဆယ်ကျော်သက် လူငယ်သဘာဝအတိုင်း ရချင်တာလောက်ကိုသာ ကျွန်တော်သိသည်။ ကျွန်တော် လိုချင်သည့် ဆိုင်ကယ်ကို ဖွတ်ဝယ်ခိုင်းမိသည်။

အဖေက "ဆိုင်ကယ် ရှာကြည့်မယ်၊ ဈေးတန်တာလေး တွေ့ရင်ဝယ်ပေးမယ်" ဟု ပြောလိုက်တော့ ကျွန်တော် ပျော်သွားရသည်။ ကျွန်တော်ပျော်တာက ကျွန်တော် လိုချင်တာ ရမှာမို့ ပျော်တာ၊ အဖေနှင့် အမေခေါင်းကိုက်စရာ ရသွားတာကိုတော့ ကျွန်တော် မသိခဲ့။

နောက်တစ်နေ့ ကျောင်းပြန်ဖွင့်ပြီ ဆိုတော့ ကျွန်တော်လည်းဘော်ဒါဆောင်ကို သွားလိုက်၏။ ရချင်တာ ရမှာ ဆိုတော့ ပျော်ပျော်ဖြင့်သွားသည်။ ကျောင်းပိတ်ရက် ရောက်ပါစေဟု ဆုတောင်းရင်းဖြင့် ကျောင်းတက်ရက် ငါးရက်စလုံးကို ဖြတ်သန်းသည်။

သောကြာနေ့ ကျောင်းဆင်းချိန်မှာ ဘော်ဒါက ဆရာမကြီးဆီခွင့်တောင်း၊ စက်ဘီးကို အသော့နင်းပြီး အိမ်ကို ပြန်ခဲ့၏။ အိမ်ရှေ့ မရောက်ခင်ကတည်းက ရွှင်ပြုံးနေသော ကျွန်တော့် မျက်နှာ။ အိမ်ရှေ့ကို လှမ်းမြင်ရသော မလှမ်းမကမ်း နေရာအရောက် လှမ်းကြည့်သောအခါ လိုချင်သည့်ဆိုင်ကယ်ကို မတွေ့ရဘဲ အဖေ စီးနေကျ ဆိုင်ကယ်လေးကိုသာ လှမ်းတွေ့လိုက်ရ၏။

အိမ်ရှေ့သို့ အရောက်မှာ စက်ဘီးကို ဒေါက်အမြန်ထောက်ပြီး အိမ်ထဲသို့ ကျွန်တော် ဝင်တော့ အမေ့ကို မြင်သည်။ အဖေ့ကိုတော့မတွေ့။ ကျွန်တော့်မျက်နှာ စူပုပ်နေသလို လိုချင်တာ ဝယ်မပေးရကောင်းလား ဆိုပြီး စိတ်ဆိုးဟန်ဖြင့် ထိုင်ခုံပေါ်တွင် စိတ်ပျက်လက်ပျက်သာ ဝင်ထိုင်နေလိုက်သည်။

ကျွန်တော်လည်း အမေ့ကို ဘာမျှ မမေးသလို အမေကလည်း


mgyoe.com

mgyoe.com SAMPLE BOOK


ကျွန်တော့်ကို ဘာတစ်ခွန်းမျှ မပြော။

နာရီကြည့်လိုက်မိသည်။ ညနေ ခြောက်နာရီ ထိုးခါနီး ငါးမိနစ်ခန့် အလိုမှာ အဖေ ပြန်လာ၏။ အဖေသည် Dream ပုံပြောင်း ဆိုင်ကယ်လေး တစ်စီးကို စီးလာသည်။ အိမ်ရှေ့ရောက်သည်နှင့် စိတ်ဆိုးဟန်ပြုလျက် ထိုင်နေသော ကျွန်တော့်မျက်နှာကို ကြည့်ပြီး သဘောကျနေပုံရသည်။ ခပ်ပြုံးပြုံးနဲ့ပါပဲ။ အဖေက စီးလာသော ဆိုင်ကယ်ကို အိမ်ရှေ့မှာ ရပ်ပြီး အိမ်ထဲအဝင်–

"ငါ့အသားအတွက် ဝယ်လာတဲ့ ဆိုင်ကယ်၊ ကြိုက်လား၊ အသစ် Packing ဝယ်မပေးနိုင်သေးလို့ တစ်ပတ်ရစ်လေး ဝယ်ပေးနိုင်တာ၊ ငါ့သား ကြိုက်လား၊ စီးကြည့်ပါဦး" ဟု ကျွန်တော့်မျက်နှာကို ကြည့်ပြောသည်။

ကျွန်တော်လည်း အိမ်ရှေ့ထွက်၍ အဖေ ဝယ်လာသည့် ဆိုင်ကယ် ကို ပတ်ပတ်လည် လိုက်ကြည့်ပြီးမှ 'ဒီလောက်ဆိုလည်း မဆိုးလှပါဘူး' ဟု စိတ်ထဲကနေ ရေရွတ်လိုက်သည်။

"မောင်းစမ်းကြည့်မယ်" ဆိုကာ ဆိုင်ကယ်ပေါ် တက်လိုက်တော့ ကျွန်တော့်စိတ်တွေ မြူးလာ၏။ တစ်ပတ်လောက် စီးကြည့်ပြီးတော့မှ အဖေ့ ရှေ့နားမှာ ထိုးရပ်လိုက်ကာ–

"သား ဒီဆိုင်ကယ်ကို ကြိုက်တယ်၊ အရောင်ကလည်း အနက် ရောင် ဆိုတော့ သားအကြိုက်ပဲ အဖေ" ဟု ပြောလိုက်တော့ အဖေက ဘာမှ ပြန်မပြောပါဘဲ ကျွန်တော် ပျော်နေပုံကို ပီတိဖြစ်စွာ ထိုင်ကြည့်နေ သည်။

ရထားသည့် ဆိုင်ကယ်ဘေးမှာ တကပ်ကပ် လုပ်နေသည့် ကျွန်တော့်အနားသို့ အဖေနှင့် အမေ လာရပ်ကာ–

"သား လိုချင်တဲ့ ဆိုင်ကယ်လည်း ဝယ်ပေးပြီးပြီ၊ စာလည်း ကြိုးစား၊ ဆယ်တန်းအောင်မှ တက္ကသိုလ် ဆက်တက်ရမှာနော်၊ စာကို သေချာ ကြိုးစား၊ ပြီးတော့ ဆိုင်ကယ်လည်း ဖြည်းဖြည်းမောင်း" ဟု ပြောမှာသည်။

ကျွန်တော်လည်း "သား သေချာ စာကြိုးစားနေပါတယ်" ဟု ချက်ချင်း ပြန်ပြောလိုက်သည်။

သို့ဖြင့် ကျွန်တော်လည်း ကျောင်းမှန်မှန် တက်ရင်း စာကိုလည်း အရင်ကထက် ပိုပြီး ကြိုးစားခဲ့၏။

***

mgyoe.com

mgyoe.com SAMPLE BOOK

စာမေးပွဲကြီး ဖြေရန် တစ်လခွဲနီးပါး အလို။ ကျွန်တော် ကိုယ်တွေလည်း ပူ၊ ဖျားနာနေ၍ ဘော်ဒါဆောင်မှ အိမ်သို့ မဖြစ်မနေ ပြန်လိုက်ရသည်။ ကျောင်းမသွားနိုင်သည်အထိ ဝေဒနာကို ခံစားရသည်။ အိမ်မှာသာ စာကို မရမက ကျက်သည်။ အိမ်အလုပ်တွေကို အရင်လို မကူခိုင်း၊ စာမှ စာသာ အဓိကကျက်ဖို့ အဖေနှင့် အမေက ကျွန်တော့်အား ချော့မော့ ပြောသည်။ ညဘက် စာကျက်လျှင် အိပ်ချင်ပြေအောင် အမေက လက်ဖက်သုပ် ကျွေးသလို အဖေကလည်း ကျွန်တော့် စာကျက်သံကို နားစွင့်နေတတ်၏။

အိမ်ထဲနေပြီး တစ်ပတ်လောက် အကြာမှာတော့ ကျွန်တော်သည် အဖျားနည်းနည်းကျသွားကာ သက်သာစ ပြုလာသဖြင့် ဘော်ဒါဆောင်သို့ ပြန်သွားဖို့ ပြင်ဆင်နေတုန်းမှာ အဖေက ကျွန်တော့်အနားကပ်လာကာ–

"အဖျားက သက်သာမှ သက်သာရဲ့လား" ဟု ကရုဏာသံသောသော ဖြင့် မေးသည်။ ကျွန်တော်လည်း "သက်သာပါပြီ အဖေ၊ စာမေးပွဲကြီးလည်း ဖြေဖို့ရက်က သိပ်မလိုတော့ဘူး၊ ဒီလောက်သက်သာရင် သားအတွက် အဆင်ပြေပါတယ်" ဟု ကျွန်တော် ပြန်ပြောလိုက်သည်။

ကျွန်တော့်ကို စိတ်မချ ဖြစ်နေသည့် အဖေနှင့် အမေက ဘော်ဒါဆောင်သို့ လိုက်ပို့သည်။ ဘော်ဒါအုပ် ဆရာမကြီးနှင့် စကားများ ပြောပြီးနောက် အဖေနှင့် အမေ အိမ်သို့ ပြန်သွားသည်။

***

စာမေးပွဲကြီး ဖြေဖို့ရာ ရက်နှစ်ဆယ်ဝန်းကျင်မျှအလို တစ်ညသား။ ကျွန်တော့်ဘဝမှာ လုံးဝ မစဉ်းစားဖူး၊ မတွေးဖူး၊ မကြုံဖူးသော အဖြစ်ဆိုးကြီး ကြုံရတော့သည်။

မှတ်မှတ်ရရပါပဲ။ ကျွန်တော် စာကျက်နေစဉ် ည ဆယ့်နှစ်နာရီကျော် တစ်နာရီ ထိုးခါနီးလောက် အချိန်တွင် ဘော်ဒါဆောင် အောက်ကနေ အော်သံတစ်သံကို ကြားလိုက်ရသည်။

"ဆရာမကြီးရေ၊ ဆရာမကြီး"

ခေါ်သံကြောင့် ဆရာမကြီးလည်း အိပ်ရာမှ နိုးလာကာ ဝရန်တာတံခါးဖွင့်လျက် အောက်ကို လှမ်းကြည့်လိုက်သည်။ လူနှစ်ယောက်ကို


mgyoe.com

mgyoe.com SAMPLE BOOK
ဆိုင်ကယ်တစ်စီးနှင့်အတူ တွေ့ရသည်။ ဆရာမကြီးက ဝရန်တာမှနေ၍ "ဘယ်သူတွေတုံး၊ ဘာကိစ္စရှိလို့လဲ" ဟု မေးလိုက်သည်။ အောက်မှ လူနှစ်ယောက်ထဲက တစ်ဦးက ကျောင်းသားတစ်ယောက်၏ နာမည်ကို ခေါ်မေးလိုက်သည်။ ခေါ်မေးသည့် နာမည်မှာ ကျွန်တော့်နာမည်ဟု ကျွန်တော့် စိတ်ထဲ ထင်ယောင်မိသည်။ နားထဲမှာလည်း ကြားယောင်မိသည်။

ကျွန်တော်နှင့်အတူ စာကျက်နေသေသည့် ကျောင်းသား၊ ကျောင်းသူ တွေလည်း ဆရာမကြီးရှိရာ ဝရန်တာဆီ ထွက်လာကြ၏။ ဝရန်တာရောက် သည်နှင့် ကျွန်တော်သည် အောက်မှ လူနှစ်ယောက်ကို လှမ်းကြည့်လိုက် မိသည်။ ကျွန်တော့်ဆွေမျိုး ဦးလေးနှစ်ယောက်ပင် ဖြစ်သည်။ ကျွန်တော့်ကို မြင်သည်နှင့် ဦးလေးနှစ်ယောက်စလုံးက–

"ငါ့တူ၊ မင်းအဖေ ဆေးရုံ ရောက်နေတယ်၊ မြန်မြန်ဆင်းခဲ့" ဟု လှမ်းအော်ပြောသည်။

ထိုစကားကြားသည်နှင့် ကျွန်တော်သည် တစ်ကိုယ်လုံး ပူထူကာ အောက်ကို အမြန်ပြေးဆင်းသွားမိသည်။ ဆရာမကြီးလည်း ကျွန်တော်နှင့် အတူ လိုက်ဆင်းလာသည်။ အောက်ရောက်သည်နှင့် ဦးလေးနှစ်ဦးအား ကျွန်တော်က–

"အဖေ ဘာဖြစ်တာလဲ၊ ဘာဖြစ်လို့လဲ၊ အသက်အန္တရာယ် စိုးရိမ် ရလား" ဟု မေးလိုက်သည်။

ဦးလေးက "အသက်အန္တရာယ် မစိုးရိမ်ရဘူးလို့တော့ လတ်တလော သိရတယ်၊ အဲဒါတွေ နောက်မှပြော၊ အခု ငါ့တူ ဦးလေးတို့နဲ့ အိမ်ကိုသာ ပြန်လိုက်ခဲ့၊ ငါ့တူ အမေကလည်း အိမ်ကို ခေါ်ခဲ့ဖို့ မှာလိုက်တယ်" ဟု ပြောသည်။

ကျွန်တော်လည်း ဆရာမကြီးဆီ ခွင့်တောင်းပြီး ဦးလေးနှစ်ယောက် နှင့်အတူ လိုက်သွားသည်။ အိမ်အပြန်လမ်းတစ်လျှောက် ရင်တပူပူ။ အဖေ့ အတွက် စိုးရိမ်ပူပန်မှု အပြည့်။

'အဖေ ဘာမှ မဖြစ်ပါစေနဲ့' ဟု အသံတိတ် ဆုတောင်းရင်း ဦးလေးတို့နှင့်အတူ အိမ်ပြန်လာခဲ့သော်လည်း ကျွန်တော့်ဆုတောင်းကား မပြည့်ခဲ့။

အိမ်ရှေ့ရောက်သည်နှင့် အမေ၏ အော်ဟစ်ငိုကြွေးနေသံကို ရင် ထိတ်စွာ ကြားရသည်။ ကျွန်တော့်ရင်တွေ တုန်လှုပ်လာကာ အမေ့အနား


mgyoe.com

mgyoe.com SAMPLE BOOK
ပြေးကပ်လျက် "အမေ၊ အဖေ ဘာဖြစ်တာလဲ၊ အဖေ ဘာဖြစ်လို့လဲ အမေရဲ့" ဟု ငိုသံကြီးဖြင့် မေးလိုက်သည်။

"ငါ့သား၊ မင်းအဖေ မင်းအဖေ ဆုံးပြီ၊ မင်းအဖေ အမေတို့ ဘဝထဲက အပြီးထွက်သွားပြီ"

အမေ့နှုတ်မှ အဖေ ဆုံးသွားပြီ ဆိုသည့် စကားသံသည် ကျွန်တော့် နားထဲ သံရည်ပူလောင်းသကဲ့သို့။ ကျွန်တော့်ရင်တွေ၊ ကျွန်တော့်စိတ်၊ ကျွန်တော့်ဦးနှောက်၊ ကျွန်တော့်အသက်ရှူသံတွေ ရပ်တန့်သွားရမတတ် ဖြစ်ပျက်ခံစားခဲ့ရသော နေ့ရက် ဖြစ်သည်။

ဆေးရုံရောက်ရောက်ချင်းပင် အဖေ ဆုံးပါးသွားခဲ့သည်တဲ့။ မိသားစု အတွက် အလုပ်ပင်ပန်းမှုကို မငဲ့၊ အာဟာရရှိအောင် မစားဘဲ ပေတေခြိုးခြံ ခဲ့သော အဖေ။

ကျွန်တော်တို့ မိသားစု၏ အသိုက်လေးထဲကနေ အဖေ အပြီး ထွက်သွားခဲ့သော ထိုနေ့သည် ကျွန်တော့်အတွက် ဘယ်လိုမှ မေ့မရ၊ မမေ့နိုင်သည့် နေ့တစ်နေ့။ ဝမ်းနည်းကြေကွဲဖွယ်အတိ ပြီးခဲ့သော နေ့ တစ်နေ့သာ ဖြစ်ခဲ့ရပါသည်လေ။

■

mgyoe.com

mgyoe.com SAMPLE BOOK

# အခန်း

# ၄

ကျွန်တော်တို့ မိသားစု၏ ဘ၀ထဲကနေ အပြီးထွက်သွားပြီ ဖြစ်သည့် အဖေ၏ ခုနစ်ရက်မြောက် ရက်လည်နေ့အထိ ကျွန်တော့်စိတ်တွေ သေနေသည့်နှယ်။ လမ်းတွေ ပျောက်သွားသည့်ပမာ။

အဖေ မရှိတော့သည့်နောက်မှာ အမေနှင့် ညီမလေးကို ကိုယ်တိုင် ဦးဆောင်ပြီး စောင့်ရှောက်ရမည် ဆိုသည့် စိတ်က ကျွန်တော့် နှလုံးသားထဲ ဖျတ်ခနဲ ဝင်လာလေ၏။

ထိုစိတ်ဝင်လာသည်နှင့် 'ကျွန်တော် ကျောင်းဆက်မတက်တော့ဘူး၊ ဆယ်တန်းစာမေးပွဲလည်း မဖြေတော့ဘူး၊ ရရာအလုပ်လုပ်ပြီး အမေနဲ့ ညီမလေးကို စောင့်ရှောက်မယ်၊ ဒီကိစ္စ အဖေ့ရက်လည်နေ့ ပြီးတာနဲ့ အမေ့ကို ငါ ပြောမယ်' ဟု ဆုံးဖြတ်ထားလိုက်သည်။

ရက်လည်နေ့ပြီးတော့ အမေ့စိတ်လေး အေးဆေးချိန်မှာ ကျွန်တော် စဉ်းစားထားပုံကို ပြောလိုက်သည်။ အမေက လက်မခံပါ။

"သား ကျောင်းဆက်တက်ရမယ်၊ စာမေးပွဲကြီးလည်း ဖြေဖို့ ခုနစ်ရက်လောက်ပဲ လိုတာ၊ ကြိုးစားပြီး ဖြေကိုဖြေရမယ်" ဟု ကျွန်တော့်အား ထပ်ပြောသည်။

mgyoe.com

mgyoe.com SAMPLE BOOK

အမေ စိတ်ချမ်းသာအောင် ကျွန်တော် ကြိုးစားပြီး စာမေးပွဲ ဖြေရသည်။ ကံမကောင်းစွာပင် ကျွန်တော် စာမေးပွဲ မအောင်။

အဲဒီနှစ်က ကျွန်တော့်အတွက် ဆုံးရှုံးမှု များလှသော ခုနှစ်လည်း ဖြစ်သည်။ အဖေ့ကိုလည်း ဆုံးရှုံးရသလို ရှိသမျှအားနှင့် ကြိုးစားဖြေထားသော ဆယ်တန်းစာမေးပွဲကိုလည်း ကျရှုံးသည်။

အမေကတော့ အဖေ မရှိတော့သော်လည်း စိတ်ဓာတ်က ပိုသန်မာလာ၏။ အမေသည် ကျွန်တော်တို့ မောင်နှမရှေ့မှာ မပြိုလဲပြ။ အရှုံးသမား ကျွန်တော့်ကို နောက်တစ်ကြိမ် ကြိုးစားခွင့်ပေး၏။ ညီမလေးကိုလည်း ကျောင်းဆက်ထား၏။ အမေသည် သူ့ရှိသည့် အားဖြင့် ရုန်းပြီး ထားမည်ဆိုသော စိတ်၊ မသေခင် ပြောသွားခဲ့သော အဖေ့ဆန္ဒက ကျွန်တော်တို့ မောင်နှမကို ဘွဲ့ရ ပညာတတ်ကြီး ဖြစ်စေချင်တာကြောင့် အမေသည် ကျွန်တော့်ကို အခွင့်အရေး ထပ်ပေးခဲ့၏။

စာမေးပွဲ မအောင်ပေမဲ့ ဆယ်တန်း နောက်တစ်နှစ် ထပ်မတက်ခင်မှာပင် ကျွန်တော့်ကို နွေရာသီ ကွန်ပျူတာသင်တန်း ထားပေးသလို အင်္ဂလိပ်စကားပြော သင်တန်းလည်း တက်ခိုင်းသည်။ ကျွန်တော်သည် နည်းပညာကို ငယ်စဉ်ကတည်းက ဝါသနာပါလွန်းသည့်အတွက် ကွန်ပျူတာကို သေချာလေ့လာဆည်းပူးခဲ့သည်။ နွေရာသီ သင်တန်းမှာပဲ ဆရာကောင်းတွေဆီမှ တစ်ဆင့် သင်ရိုးထပ်ကျော်ပြီး အနီးကပ် သင်ကြားခွင့် ရသည်။ ကွန်ပျူတာ ပညာနှင့် ပတ်သက်ပြီး နွေရာသီ သုံးလအတွင်းမှာပဲ အခြေခံတွေကို ကျွမ်းကျင်စွာ အသုံးချနိုင်သည်အထိ ကျွန်တော် လေ့လာသင်ယူနိုင်ခဲ့သည်။

***

ကျွန်တော်တို့ ဘဝထဲမှ အဖေ အပြီး ထွက်သွားတာ သုံးလကျော်လာပြီ။ ကျွန်တော့်ခေါင်းထဲ နေ့စဉ်ရက်ဆက် အဖေ့မေတ္တာတရားတွေနှင့် အဖေ့အကြောင်း ပုံရိပ်တွေက တမ်းတမ်းတတပါပဲ။ ပြန်ရမယ် ဆိုရင် အဖေ့ကို ပြန်လိုချင်သည်။ အဖေ ဆုံးတာ အိပ်မက်လိုပါလား။

တကယ်တမ်းတော့ ကျွန်တော်တို့ မောင်နှမမှာ မိဘနှစ်ပါးနှင့် အတူဆုံရ၊ အတူနေရသည့် ကာလက ငါးနှစ်ကျော်ကျော်လေးပဲ ကြာရှည်ခဲ့ပေသည်။ အဖေနှင့် ကျွန်တော်တို့မိသားစု စုံညီဓာတ်ပုံ ဆိုလို့ လက်ချောင်း

mgyoe.com

mgyoe.com SAMPLE BOOK

ငါးချောင်း မပြည့်ပါ။

ကျွန်တော်နှင့် အဖေ နှစ်ယောက်တွဲရိုက်သည့် ဓာတ်ပုံ ဆိုလျှင် ရှိကို မရှိ။ အဖေ့မေတ္တာကို ကောင်းကောင်း မခံစားလိုက်ရ။ ဖခင်မေတ္တာ ဆိုတာ ဒါပါလား ဆိုပြီး သိတတ်လာသည့် အရွယ်လည်း ရောက်ရော အဖေက ကျွန်တော်တို့ ဘဝထဲကနေ အပြီးတိုင် ထွက်သွားနှင့်ပြီ။

အဖေ့ကို လွမ်းတသသ ဖြစ်မိ၏။ နေ့ရက်တိုင်း အဖေ့ကို သတိတရ လွမ်းဆွတ်နေဆဲ။

ဆယ်တန်း နောက်တစ်နှစ် ပြန်တက်ဖို့ ဘော်ဒါဆောင်သို့ သွားရ မည်ဟု အမေက ကျွန်တော့်ကို ပြောသည်။ အမေတို့ကဲ့သို့ အလုပ် ပင်ပင်ပန်းပန်း ဆင်းရဲစွာ မလုပ်ကိုင်ရလေအောင် ကျွန်တော့်ကို ကျောင်း ဆက်ထားဖို့ အမေက ဆုံးဖြတ်သည်။ ကျွန်တော်သည်လည်း အမေ့ကို သနားစိတ်၊ အဖေ့ကို လွမ်းစိတ်၊ ကျောင်းလည်း ဆက်ဖြေချင်စိတ်၊ စိတ်အာရုံ အဖုံဖုံတို့ဖြင့် စိတ်တွေ ရှုပ်ထွေးရသည့် ကာလတစ်ခု။

အဖေ မရှိတော့သည့်နောက် အမေတစ်ယောက်တည်း၏ လုပ်အား သာ ရှိတော့သဖြင့် ကျွန်တော်တို့ မိသားစုလေးမှာ အရင်ကထက် စီးပွားရေး အဆင်မပြေမှု များလာတာကို ကျွန်တော် သိသည်။

ကျွန်တော်သည် အမေ့ဆန္ဒ၊ အဖေ့ဆန္ဒအတိုင်း ကျောင်း နောက် တစ်နှစ် ထပ်တက်ရန် ဆုံးဖြတ်လိုက်သည်။

"သား ဘော်ဒါဆောင် မတက်တော့ဘူးလေ၊ ကျူရှင်တက်ပြီး အပြင်ဖြေပဲ ဖြေလိုက်မယ်" ဟု အမေ့ကို ကျွန်တော် ခွင့်တောင်းသော အခါ–

"ကျူရှင်တက်ပြီးဖြေရင် အောင်ပါ့မလား၊ စာလိုက်နိုင်ပါ့မလား" ဟု အမေက ပြန်မေး၏။ ကျွန်တော်က–

"အောင်မှာပါ၊ သား စာလိုက်နိုင်အောင် ကြိုးစားပါ့မယ် အမေ" ဟု ကတိပေးသည်။

"အင်း၊ ဒါဆိုလည်း ငါ့သား ဘယ်ကျူရှင် တက်မှာလဲ၊ ဘယ် ကျူရှင် ကောင်းလဲ"

"သား စုံစမ်းပြီး အမေ့ကို ပြန်ပြောပါ့မယ်"

ကျွန်တော့်အနေနှင့် အမေ တက်ခိုင်းသည့် ဘော်ဒါဆောင်ကို တက်ချင်သည်။ သို့သော် အမေ့လုပ်အားဖြင့် ရသော လုပ်အားခ၊ အိမ်

mgyoe.com

mgyoe.com SAMPLE BOOK
အသုံးစရိတ် ကုန်ကျမှု၊ ညီမလေးအတွက် နောင်ရေး၊ ပြန်တွက်ကြည့်လျှင် မလောက်ငဆိုတာ ရိပ်စားမိသဖြင့် ကျူရှင်ပဲ တက်မယ်ဟု အမေ့ကို ပြောရခြင်း ဖြစ်သည်။

ကျွန်တော်နှင့် အဆင်ပြေပြီး ဈေးသင့်တင့်သော ကျူရှင်ကို ရွေးချယ်စုံစမ်းကာ အမေ့ကို ပြန်ပြောလိုက်သည်။ အမေသည် ကျူရှင်ဆရာလက်ထဲ ကျွန်တော့်ကို လိုက်အပ်ပေးသည်။

အမေသည် အမေ့ သိက္ခာမာန၊ အမေ့ အရှက်ကို နည်းနည်းလေးမှ မငဲ့ကွက်ပါဘဲ၊ ကျူရှင်ဆရာ ရှေ့တွင် ခယစွာ ကျူရှင်က သတ်မှတ်ထားသည့် ကျူရှင်လခထက် ထပ်လျှော့ပေးဖို့ကို တောင်းဆိုသည်။ ကျူရှင်ဆရာကလည်း အမေ့အား သနားသွားသည် ထင်၏။ ကျူရှင်လခ ထက်ဝက်သာ ပေးဖို့ လိုက်လျောသည်။ မာနသိက္ခာ အင်မတန်ကြီးသည့် အမေသည် ကျွန်တော့်အတွက်နှင့် ထိုသို့ ခယနေတာကို မြင်ရတော့ ကျွန်တော်သည် ဆယ်တန်းစာမေးပွဲကြီးကို ဒီနှစ်မှာ အောင်ကို အောင်မြင်ရမည်ဟု တစ်ကိုယ်တည်း ကြားရုံမျှ စိတ်ထဲက ကြုံးဝါးလိုက်သည်။

ကျွန်တော်သည် အမှန်တကယ်လည်း ထိုနှစ် ဆယ်တန်းစာမေးပွဲကို ကောင်းစွာ ဖြေဆို အောင်မြင်နိုင်ခဲ့သည်။ ဂုဏ်ထူးတော့ မပါ။

အောင်စာရင်းကြည့်ပြီး အောင်မြင်စိတ်ဖြင့် အမေ့ဆီ အပြန်... အမေသည် အခန်းတံခါးပေါက်မှာ ခေါင်းပြူလျက် ကျွန်တော် ပြန်လာချိန်ကို စိတ်စောစွာ စောင့်နေသည်ကို မြင်ရလေ၏။

"အမေရေ၊ အမေ၊ သား စာမေးပွဲ အောင်ပြီ"

အမေ့ကို ကျွန်တော် ပြေးဖက်လိုက်သည်။

"ငါ့သား စာမေးပွဲ အောင်ပြီ၊ အောင်ပြီ"

အမေသည် မျက်ရည်တဝဲဝဲဖြင့် ပျော်နေသလို အဖေ့နာမည်ကို ခေါ်ပြီး–

"ရှင့်သား စာမေးပွဲ အောင်ပြီတဲ့၊ ရှင် ရှိနေရင် ဘယ်လောက်များ ခုန်ပေါက်ပြီး ပျော်နေမှာလဲ ဆိုတာ မြင်ချင်လိုက်တာ" ဟု ပြောကာ ညီမလေး၊ အမေနှင့် ကျွန်တော်တို့ သားအမိသုံးယောက်သား တင်းတင်းပွေ့ဖက်လျက် အဖေ့ကို တမ်းတမိကြလေသည်။

မျက်ရည်ခိုင်သည့် ညီမလေးသည်လည်း ဝမ်းနည်းတကြီး ရှိုက်ငင်၍ ငိုသည်။ စာမေးပွဲ အောင်မြင်သည့် အထိမ်းအမှတ်အဖြစ် အမေသည်

mgyoe.com

mgyoe.com SAMPLE BOOK

အနီးနားဝန်းကျင်ကို ကြာဆံဟင်းခါး ချက်ကာ ကျွေးမွေး ကုသိုလ်ပြုလျက် ကျွန်တော့် အောင်မြင်မှုကို ဂုဏ်ပြုရှာသည်။

***

မကြာမီ လပိုင်းတွင် အမှတ်စာရင်းများ ထွက်လာ၏။

"အမေရေ အမေ၊ သား အမှတ်စာရင်း ရလာပြီ၊ သား ဘာဆက်လုပ်ရမလဲ"

"ငါ့သား သဘောပေါ့ကွယ်၊ အမေက ဘာမှ မရွေးချယ်တတ်ဘူး၊ နားလည်း မလည်ဘူးလေ၊ ငါ့သားဖြစ်ချင်တဲ့ လိုင်းသာ တက်ပါ"

အမေသည် ကျွန်တော် ပြောသမျှ လိုက်လျောပေးမည့် ပုံစံဖြစ်သည်။ ဘယ်ကျောင်းကို ဆက်တက်လျှင် ဘယ်လောက် ကုန်မည်လဲဆိုတာ အမေ မသိ၊ အမေ သိတာတစ်ခုက ကျွန်တော့် စိတ်ဆန္ဒကို ဖြည့်ဆွမ်းပေးဖို့ တစ်ခုတည်းသာ။

ကျွန်တော့်ဆန္ဒကို ပြောပါ ဆိုလျှင် တက္ကသိုလ်ကို Day တက်ချင်သည်။ Day တက်ဖို့လည်း ရမှတ် ကောင်းစွာ မီသည်။ တစ်ဖက်က အမေ့ကို ပြန်ကြည့်ရမည် ဆိုသည့် နားလည်သိတတ်စိတ်။ ကျွန်တော် ဆယ်တန်းအောင်ဖို့ အရေးအတွက် အမေ ပင်ပန်းကြီးစွာ ရုန်းကန်ခဲ့ရပုံကို မြင်ခဲ့ပြီးပြီ။

"အမေ၊ သားလေ အဝေးသင် ဆက်တက်မယ်၊ အလုပ်လေးတစ်ခု လုပ်ပြီး အဝေးသင်ပဲ ဆက်တက်ပါမယ်"

"ငါ့သား သဘော၊ ငါ့သားရဲ့ ရွေးချယ်မှုမှာ ငါ့သား အဆင်ပြေမယ်ဆိုရင် အမေ ကျေနပ်ပါတယ်"

"ဟုတ် အမေ၊ သား အဝေးသင်တက်ရင်း အလုပ်လုပ်ရမှာဆိုတော့ ကျောင်းစရိတ်လည်း ရမှာ၊ သား အဆင်ပြေပါတယ် အမေ"

အမေ့ကို ထပ် မပင်ပန်းစေချင်ပါ။ ထို့ကြောင့် ကျွန်တော်သည် အဝေးသင်တက္ကသိုလ်ကို ဆက်တက်ဖို့ကိုသာ ဆုံးဖြတ်လိုက်သည်။

■

mgyoe.com

mgyoe.com SAMPLE BOOK

# အခန်း

# ၅

ဆယ်တန်းအောင်ပြီးစ အဝေးသင်တက္ကသိုလ် မတက်ရသေးခင် ထိုကာလများမှာ ကျွန်တော့် ဆယ်ကျော်သက် နှလုံးသားသည် အချစ်နှင့် စတင် ထိတွေ့ရပေသည်။ ပထမဆုံး အသည်းကွဲဇာတ်လမ်း။ ကျွန်တော့် ပထမဆုံး တစ်ဖက်တည်း အချစ်ရူး ရူးခဲ့ရသည့် အဖြစ်။

ဆွေမျိုးတွေရှိရာ ရပ်ကွက်ဆီ အလည်သွားရောက်စဉ် တစ်နေ့မှာ မြင်သူတိုင်း ရင်ခုန်လောက်အောင် လှသော အမျိုးသမီးလေးတစ်ဦးကို လမ်းသွားရင်း ဖျတ်ခနဲ တွေ့လိုက်ရသည်။ မျက်လုံးက ဝိုင်းစက်စက်၊ စင်ရော်တောင် မျက်ခုံးအစုံ၊ အသားအရေမှာ ဖြူဝင်းဝင်း။ လှ၏။ သူမ သိပ်လှ၏။

လေပြည်နွေးသည် သူမ၏ ကိုယ်သင်းရနံ့ကို တိတ်တခိုးလေး သယ်ဆောင်လာသည် ထင်၏။ သနပ်ခါးနံ့ ပျံ့သင်းသင်းက ကျွန်တော့် နှလုံးသား တစ်ခုလုံးကို ဖုံးလွှမ်းစိုးမိုးသွားခဲ့သည်ပဲ။ သူမက အနေအေးပုံလည်း ရသည်။ စကားလည်း လိုသလောက်သာ ပြောပုံရ၏။ သိမ်သိမ်မွေ့မွေ့လည်း ရှိ၏။ ထိုအမျိုးသမီးလေးကို ကျွန်တော် မြင်မြင်ချင်း ချစ်သွားသည်။ အင်း၊ ချစ်မိသွားသည် ထင်ပါသည်။

mgyoe.com